**၁။ အောက်ပါ မေးခွန်းများကို မှားလျှင် (မှား) ၊ မှန်လျှင် (မှန်) ဟုရေးပါ။**

(က) လျှပ်စစ်တွင် အဖိုဓာတ် နှင့် အမဓာတ် ဟူ၍ (၂)မျိုးရှိသည်။ (   )

(ခ) ဘတ်ထရီသည် လျှပ်စစ်ဖြင့် အသုံးပြုရသော အရာဝတ္ထုဖြစ်သည်။ (   )

(ဂ) အရာဝတ္ထုနှစ်ခု ပွတ်တိုက်လျှင် လျှပ်စစ်ပြင်းအား ထွက်ပေါ်လာသည်။ (   )

(ဃ) လျှပ်စစ်သည် သံလိုက်ကဲ့သို့ မျိုးတူလျှင် ဆွဲငင်သည်။ (   )

(င) ရိုးရိုးလျှပ်စီးပတ်လမ်းဖြင့် မီးသီးတစ်လုံးကို မီးလင်းအောင်ပြုလုပ်နိုင်သည်။ (   )

**၂။ အမှန်ရွေး၍ ဖြေဆိုပါ။**

(က) လျှပ်စစ်ဖြင့်အသုံးပြုရသောပစ္စည်းမှာ ________ ဖြစ်သည်။

(၁) နာရီ (၂) မီးစက် (၃) ဓာတ်ခဲ

(ခ) လျှပ်စစ်ထုတ်ပေးသော ပင်ရင်းမှာ ________ ဖြစ်သည်။

(၁) မီးသီး (၂) မီးစက် (၃) မီးဖို

(ဂ) လျှပ်စစ်ရရှိလျှင် အလင်းထုတ်ပေးသော အရာဝတ္ထုသည် ________ဖြစ်သည်။

(၁) မီးချောင်း (၂) ဖယောင်းတိုင် (၃) ရေနံမီးတိုင်

(ဃ) ကမ္ဘာ့အကျော်ကြားဆုံး တီထွင်သူ သောမတ်အက်ဒီဆင်သည် ________ကို ထီထွင်ခဲ့သည်။

(၁) ဖုန်း (၂) ကွန်ပျူတာ (၃) လျှပ်စစ်မီး

(င) အရာဝတ္ထု ၂ ခုကို ________ လျှင် လျှပ်စစ်အားပျော့ကို ဖြစ်စေသည်။

(၁) ထပ်ထား (၂) တွန်းကန် (၃) ပွတ်တိုက်

**၃။ ကွက်လပ်ဖြည့်ပါ။**

(က) ဓာတ်ခဲတွင် (+) သင်္ကေတသည် ____________ ဖြစ်သည်။

LIVEWORKSHEETS

(ခ) လျှပ်စစ်တွင် (-) သင်္ကေ်သည် __________ကို ဖော်ပြသည်။

(ဂ) လျှပ်စစ်ဓာတ်သည် ပြီးပြည့်စုံသော ___________ တွင်သာ စီးဆင်းနိုင်သည်။

(ဃ) ဆံပင်နှင့်ပူဖောင်းကို __________လျှင် လျှပ်စစ်ပျော့ရရှိနိုင်သည်။

(င) လျှပ်စစ်သည် သံလိုက်ကဲ့သို့ မျိုးမတူလျှင် _________ သည်။

## ၄။ ယှဉ်တွဲပါ။

| | |
|---|---|
| (က) မီးစက် | (၁) အဖိုစွန်း |
| (ခ) လက်ပတ်နာရီ | (၂) ရွှေ့လျားမှုစွမ်းအင် |
| (ဂ) (+) သင်္ကေတ | (၃) ဓာတ်ခဲ |
| (ဃ) (-) သင်္ကေတ | (၄) ရုပ်မြင်သံကြား |
| (င) ကား | (၅) အမစွန်း |

## ၅။ မေးခွန်းများကို လိုရင်းသာ ဖြေဆိုပါ။ (ရေးစာအုပ်တွင် မေးခွန်းနှင့် အဖြေ ရေးရန်)

(က) လျှပ်စစ်ကို မည်သည့် လုပ်ငန်းများတွင် အသုံးပြုကြသနည်း။ (၃မျိုး ခန့် ဖြေဆိုပါ။)

(ခ) လျှပ်စစ်ရှိသောကြောင့် နေ့စဉ်လုပ်ငန်းများတွင် အလွန်အသုံးဝင်ကြောင်းကို အကြောင်းပြချက် ၂ ခု ဖြင့် ဖြေဆိုပါ။

(ဂ) လျှပ်စစ်၏ ဂုဏ်သတ္တိများကို ဖော်ပြပါ။

(ဃ) မီးသီးမှ မီးလင်းလာစေရန်မည်သည့်အရာများလိုအပ်သနည်း။ မီးသီးမှ မီးလင်းလာပုံကို ပုံကြမ်းဆွဲပါ။

(င) လျှပ်စစ်ဖြင့်အသုံးပြုရသော အရာဝတ္ထု (၅) မျိုးကို ဖော်ပြပါ။

LIVEWORKSHEETS